စာအမှတ် ။ ။ ၁/၂၀၁၀ (+ ၁၀ ဖွဲ့)

ရက်စွဲ ။ ။ ၇. ၁၂. ၂၀၁၀

# အရပ်ဝတ်စစ်အစိုးရ အသွင်ပြောင်းရေးအတွက်ပြုလုပ်သည့် မသမာသောရွေးကောက်ပွဲဆိုင်ရာ သုံးသပ်တင်ပြချက်

၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့တွင် ပါလီမန်ဒီမိုကရေစီစနစ် ဖျက်သိမ်း၍ စစ်တပ်မှ အာဏာသိမ်းယူခဲ့ပြီးနောက် နိုင်ငံတော်အာဏာကိုစစ်အုပ်စုမှသာအကြွင်းမဲ့ချုပ်ကိုင်သည့် စစ်အာဏာရှင်စနစ်ဖြင့် မြန်မာပြည်သူတို့အပေါ် ဆက်တိုက် အုပ်ချုပ်လာခဲ့ပါသည်။

စစ်အုပ်စုသည် ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီး တက်လာလာချင်း "တော်လှန်ရေးကောင်စီ" အမည်ဖြင့် (၁၂) နှစ်၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)"အမည်ဖြင့် (၁၄) နှစ်၊ ၁၉၈၈ ခုနှစ်မှ ယခု ၂၀၁၀ ခုနှစ်အထိ "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(နဝတ)"၊ "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)"အမည်များဖြင့် (၂၂) နှစ် စုစုပေါင်း စစ်အာဏာရှင်စနစ်ဖြင့် (၄၈)နှစ်ကြာအောင် မြန်မာပြည်သူတို့အပေါ် ဗိုလ်ကျ အနိုင်ကျင့် အုပ်ချုပ်လာခဲ့သည်။

ယနေ့ကမ္ဘာကြီး၏ ရောက်ရှိနေသည့်ခေတ်အခြေအနေအရ အချုပ်အခြာအာဏာပိုင် နိုင်ငံတနိုင်ငံသည် ပြည်သူကဆုံးဖြတ်အတည်ပြုပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်နှင့် ပြည်သူကရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် အစိုးရတရပ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်ရမည်ဖြစ်ပါသည်။

၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီးကြောင့် စစ်အာဏာရှင်စနစ်ကို ဖုံးအုပ်ကာရန်ထားသည့် ၇၄ ခုနှစ် ဖွဲ့စည်းပုံနှင့် မဆလပါတီတို့ ပြိုလဲသွားပြီးနောက် စစ်တပ်မှ စစ်ယူနီဖောင်းဖြင့် ပြောင် အုပ်ချုပ်နေရသည့် အခြေအနေသို့ ရောက်သွားခဲ့ပါသည်။ စစ်ယူနီဖောင်းဖြင့် ပြောင်အုပ်ချုပ်ခြင်းကို နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပြည်သူများကြားတွင် လုံးဝ လက်မခံနိုင်သည့်အတွက် စစ်အာဏာရှင်စနစ်ကို ဖုံးကွယ်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်နှင့် ရွေးကောက်ပွဲတခုကိုဖြတ်သန်းပြီး စစ်တပ်မှပင် ဆက်လက်အုပ်ချုပ်သည့် အခြေအနေရရှိရေးအတွက် နှစ်ပေါင်း(၂၂) နှစ်လုံးလုံး ဖေါက်ပြန်သည့်နည်းမျိုးစုံဖြင့် စီမံကြိုးပမ်းလာခဲ့ပါသည်။

၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင် စစ်အုပ်စုမှ တစည်နိုင်မည်ထင်သည့် မှန်းချက်လွဲခဲ့ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပြတ်အသတ် အနိုင်ရရှိခဲ့သည့်အတွက် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်မပြုဘဲ အာဏာမလွှဲခြင်း၊ ၁၉၉၃ ခုနှစ်မှစ၍ (၁၄)နှစ်ကျော် စစ်တပ် စိတ်တိုင်းကျ အမျိုးသားညီလာခံအတုကို ကျင်းပခဲ့ခြင်းနှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လ(၃၀)ရက်နေ့တွင် အချက်(၇)ချက်ပါ လမ်းပြမြေပုံကို ချမှတ် အကောင်အထည်ဖေါ်ခြင်းတို့ကို စစ်အာဏာရှင်တို့ဘက်မှ ပြုလုပ်ခဲ့ပါသည်။

ထိုသို့ ပြုလုပ်ခဲ့ခြင်းတို့သည် စစ်အာဏာရှင်စနစ်အတွက် ရေရှည်အကာအကွယ်ယူရမည့် **ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်**နှင့် **ရွေးကောက်ပွဲဖြင့် အမည်ခံ ပါတီစုံလွှတ်တော်တရပ်** ပေါ်ပေါက်လာရန်တို့အတွက် စစ်အုပ်စု၏ ကောက်ကျစ်သော ကြိုးပမ်းမှုများပင်ဖြစ်ပါသည်။

ထိုအကြောင်းများကြောင့် ၂၀၀၈ ခုနှစ် မေလ (၁၀) ရက်နေ့တွင် နာဂစ်မုန်တိုင်းဒဏ်ဖြင့် ပြည်သူအများ သိန်းချီ သေဆုံးနေပြီး၊ သန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဆင်းရဲဒုက္ခရောက်နေသည့်ကြားက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို အဓမ္မလိမ်လည် အတည်ပြုခဲ့သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင်လည်း ဂီရိမုန်တိုင်းဒဏ်ကြောင့် တိုင်းသူပြည်သားများ သေကြေပျက်စီးပြီး ဆင်းရဲဒုက္ခရောက်နေကြသည့်ကြားက နအဖ စစ်အစိုးရသည် ၂၀၁၀ ရွေးကောက်ပွဲကို နည်းမျိုးစုံဖြင့် အရှက်သိက္ခာကင်းမဲ့စွာ လိမ်လည်ပြီး အဓမ္မ ကျင်းပခဲ့ပြန်သည်။

၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်တည်မြဲရေးလမ်းပြမြေပုံ၏ အလွန်အရေးကြီးသောအဆင့်ဖြစ်သည့်အတွက် နအဖ စစ်အုပ်စုသည် နည်းမျိုးစုံဖြင့် မီးကုန်ယမ်းကုန် ညစ်ပတ်ခဲ့ကြကြောင်းကို ၂၀၁၀ ရွေးကောက်ပွဲဖြစ်စဉ် တခုလုံးတွင် ဖုံးမနိုင် ဖိမရ တွေ့မြင်ခဲ့ကြရပြီး ဖြစ်ပါသည်။

အမှန်တကယ်တွင် စစ်အုပ်စုသည် တိုင်းပြည်ကို စစ်တပ်မှပင် အရပ်သားပုံစံ ဟန်ဆောင်၍ ဆက်လက် အုပ်ချုပ်ရန် ကြိုတင်ပြင်ဆင်လာခဲ့သည်မှာ ကြံ့ဖွံ့ ခေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ(၁၅)ရက်နေ့တွင် စတင်တည်ထောင်ခဲ့ကတည်းက ထင်ရှားနေပြီး ဖြစ်ပါသည်။ ယခု ပါတီအမည်ပြောင်း ကြံ့ဖွံ့အသင်းကြီးကို တည်ထောင်ထားရာတွင် စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် စစ်အုပ်စုဝင် အရာရှိ၊ အရာခံ ဗိုလ်ချုပ်များအားလုံး တယောက်မကျန် ပါဝင်ပြီး တည်ထောင်ထားခြင်းမှာလည်း ထိုရည်ရွယ်ချက်အတွက်ပင်ဖြစ်ပါသည်။

ထိုသို့ လွန်ခဲ့သည့်(၁၇)နှစ်ကတည်းက စစ်အာဏာရှင်စနစ်ရေရှည်တည်တံ့ရေးအတွက် ကြိုတင်ပြင်ဆင်ခဲ့သည့်အတိုင်းပင် ၂၀၁၀ ရွေးကောက်ပွဲတွင် အရပ်ဝတ် စစ်ဗိုလ်ချုပ်များကပင် ကြံ့ဖွံ့ပါတီအမည်ဖြင့် နည်းမျိုးစုံသုံး၍ ညစ်ပတ် အနိုင်ယူသွားခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ကြံ့ဖွံ့ပါတီအမည်ဖြင့် စစ်ဗိုလ်ချုပ်တို့ ညစ်ပတ်အနိုင်ယူသွားခဲ့သည့် နည်းလမ်းများကို ပြန်လည်ဆန်းစစ်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(၁) ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ဧပြီလ (၂၇) ရက်နေ့တွင် ဗိုလ်သိန်းစိန်ကို ဦးသိန်းစိန်ဟု စတင်သုံးစွဲခြင်းအပါအဝင် စစ်ဗိုလ်ချုပ်များသည် ရွေးကောက်ပွဲတွင် ညစ်ပတ် အနိုင်ယူရန်အတွက် ကြိုတင်၍ အရပ်ဝတ် ပြောင်းထားခြင်း။

(၂) စစ်တပ်အလိုကျ ရွေးကောက်ပွဲဖြစ်စေရန်နှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဓိကအတိုက်အခံ နိုင်ငံရေးသမားများ မပါဝင်နိုင်ရန် ၂၀၁၀ ခုနှစ် မတ်လ (၈) ရက်နေ့တွင် ရွေးကောက်ပွဲဥပဒေများကို တဖက်သတ် ပိတ်ပင်တားဆီး ချုပ်ကိုင်မှုများဖြင့် ပြဋ္ဌာန်းရေးဆွဲ ထုတ်ပြန်ခြင်း။

(၃) ၂၀၁၀ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အား စစ်တပ်မှ ယုံကြည်စိတ်ချရသည့် စစ်ဗိုလ်ဟောင်းများကို အဆုံးအဖြတ်နေရာများတွင်ထား၍ စစ်တပ်မှပင်ဖွဲ့စည်းပေးခဲ့ခြင်း။

(၄) ကြံ့ဖွံ့ပါတီသည် ကြံ့ဖွံ့အသင်းအမည်ဖြင့် (၁၇) နှစ် ကြိုတင်ဖွဲ့စည်း လှုပ်ရှားနေခဲ့ပြီး၊ ကျန်နိုင်ငံရေးပါတီများကို ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်တွင်မှ စတင်မှတ်ပုံတင်ခွင့်ပေးခဲ့သည့်အတွက် ရွေးကောက်ပွဲကျင်းပရန် အလွန်နီးကပ်သည့် (၆) လအလိုတွင်မှ ဖွဲ့စည်းခွင့်ပြုခြင်း။

(၅) နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်၊ ကိုယ်စားလှယ်လောင်း တင်သွင်းခွင့်၊ ရွေးကောက်ပွဲ မဲစာရင်း ကြည့်ရှုခွင့်၊ ရွေးကောက်ပွဲ မသမာမှုများအတွက် တိုင်ကြားခွင့်တို့တွင် နိုင်ငံရေးပါတီများသည် တိုင်းပြည်၏ လက်ရှိ မြင့်တက်နေသော ကုန်ဈေးနှုန်းဖြင့် လက်လှမ်းမမီအောင် ကုန်ကျစရိတ်နှုန်းထားများကို မြှင့်ထားခြင်း။

(၆) စစ်အုပ်စုမှဖွဲ့စည်းပေးထားသည့် ရွေးကောက်ပွဲကော်မရှင်ဖြစ်သည်နှင့်အညီ ရွေးကောက်ပွဲမဲဆွယ်ပွဲနှင့် ရွေးကောက်ပွဲကာလများတွင် စစ်အုပ်စု ကြံ့ဖွံ့ပါတီ၏ မတရားလုပ်ရပ်များအပေါ် တဖက်သတ် ဘက်လိုက် အကာအကွယ်ပေးခြင်း။

(၇) မဲဆန္ဒနယ်မြေများကိုလည်း ၁၉၉၀ ခုနှစ်နှင့် မတူဘဲ စစ်အုပ်စု၏ ကြံ့ဖွံ့ပါတီ ဘယ်လိုမှ အနိုင်မရနိုင်သည့် ဒေသများကို ခိုင်လုံသည့်အကြောင်းပြချက်များ မရှိဘဲ ဖျက်သိမ်းခဲ့ခြင်း။

(၈) ကြံ့ဖွံ့ပါတီနှင့် အဓိကပြိုင်ဘက်ဖြစ်မည့်သူများကို ပါတီထောင်ခွင့်မပေးခြင်း၊ တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုခြင်း။

(၉) လက်တွေ့မဲပေးခြင်းနှင့်ပတ်သက်၍လည်း နအဖအုပ်ချုပ်ရေးယန္တယား၊ ကြံ့ဖွံ့ပါတီဝင်များနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် အောက်ပါလိမ်ညာမှုမျိုးစုံကို အရှက်သိက္ခာတပြားသားမျှ မကျန်အောင် ပြုလုပ်ခဲ့ကြပါသည်။

(က) မဲပေးခွင့်ရှိသူစာရင်းများနှင့်ပတ်သက်ပြီး အသက်မပြည့်သေးသူ၊ သေဆုံးသူ၊ အမှန်တကယ် မရှိသူများကို မဲပေးခွင့်ရှိသူစာရင်းတွင်ထည့်ပြီး၊ ကြံ့ဖွံ့ပါတီကို ထောက်ခံသည့်မဲများ လုပ်ပစ်ခြင်း။

(ခ) တခြားပါတီကို ထောက်ခံနိုင်သည့်သူများကို မဲပေးခွင့်ရှိသူ စာရင်းတွင် မထည့်ဘဲ၊ မဲပေးခွင့် မပေးခဲ့ခြင်း။

(ဂ) ကြံ့ဖွံ့ပါတီကို ထောက်ခံသည့် ကြိုတင်မဲများကို အများအပြား ပြုလုပ်ထားပြီး ထည့်သွင်းရေတွက်ခြင်း။

(ဃ) ထိုသို့ ပြုလုပ်နိုင်ရန် မဲရေတွက်မှုကို ပြည်သူများ စောင့်မကြည့်နိုင်အောင် ညသန်းခေါင်အချိန်များတွင် ပြုလုပ်ခြင်းနှင့် ရေတွက်ပြီးမှ တခြားပါတီမှ အနိုင်ရရှိနေလျှင် နောက်တိုးကြိုတင်မဲများထပ်ဖြည့်ပြီး ကြံ့ဖွံ့ပါတီ ကိုယ်စားလှယ် အနိုင်ရစာရင်းအဖြစ် ပြောင်းပစ်ခြင်း။

(င) ရွေးကောက်ပွဲမတိုင်မီ နိုဝင်ဘာလ(၆)ရက်နေ့ ည(၉)နာရီကျော်အချိန်တွင် အထက်ညွှန်ကြားချက်ဖြင့် အမှန်တကယ် ကောက်ခံထားသည့် ကြိုတင်မဲများကို ဖွင့်ဖေါက်လျက်၊ ကြံ့ဖွံ့ပါတီကို ထောက်ခံသည့် ကြိုတင်မဲများဖြင့် လဲပစ်ခြင်း။

(စ) တခြားပါတီများမှ အနိုင်ရထားသည့် ပါတီကိုယ်စားလှယ်ကိုပင် အနိုင်ရကြောင်း လက်မှတ်ထိုးထားပြီးမှ နိုင်ငံတော်သတင်းမီဒီယာများမှ တရားဝင် ကြေညာသည့်အခါ ထိုနေရာများတွင် ရွေးကောက်ပွဲမဲရှုံးခဲ့သည့် ကြံ့ဖွံ့ပါတီ ကိုယ်စားလှယ်ကို အနိုင်ရရှိသူအဖြစ် ပြောင်းပြန် ကြေညာခဲ့ခြင်း။

ထိုသို့ ၂၀၁၀ ရွေးကောက်ပွဲတွင် မသမာမှုနည်းမျိုးစုံသုံး၍ စစ်အုပ်စု ရွေးကောက်ပွဲကော်မရှင်မှ နိုဝင်ဘာလ (၁၇) ရက်နေ့အထိ လွှတ်တော်(၃)ရပ်အတွက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တရားဝင်ကြေညာပြီးသည့်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ပါတီအမည် | ပြည်သူ့ လွှတ်တော် | အမျိုးသားသား လွှတ်တော် | တိုင်းဒေသ/ပြည်နယ် လွှတ်တော် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၉ | ၁၂၉ | ၄၉၄ | ၈၈၂ |
| ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂ | ၅ | ၄၇ | ၆၄ |
| ၃။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၁၈ | ၃ | ၃၆ | ၅၇ |
| ၄။ | ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ | ၉ | ၇ | ၁၉ | ၃၅ |
| ၅။ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၈ | ၄ | ၄ | ၁၆ |
| ၆။ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၃ | ၄ | ၉ | ၁၆ |
| ၇။ | ချင်းတိုးတက်ရေးပါတီ | ၂ | ၄ | ၆ | ၁၂ |
| ၈ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ၃ | ၁ | ၆ | ၁၀ |
| ၉ | ဖလုံ - စဝေါ် ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၄ | ၉ |
| ၁၀ | ချင်းအမျိုးသားပါတီ | ၂ | ၂ | ၅ | ၉ |
| ၁၁ | ကရင်ပြည်သူ့ပါတီ | ၁ | ၁ | ၄ | ၆ |
| ၁၂ | တအာင်း(ပလောင်) အမျိုးသားပါတီ | ၁ | ၁ | ၄ | ၆ |
| ၁၃ | "ဝ"ဒီမိုကရက်တစ်ပါတီ | ၂ | ၁ | ၃ | ၆ |
| ၁၄ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | ၁ | ၁ | ၂ | ၄ |
| ၁၅ | အင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | - | ၃ | ၄ |
| ၁၆ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | - | - | ၃ | ၃ |
| ၁၇ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေး ပါတီ | - | ၁ | ၁ | ၂ |
| ၁၈ | ကယန်းအမျိုးသားပါတီ | - | - | ၂ | ၂ |
| ၁၉ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ | - | - | ၂ | ၂ |
| ၂၀ | ဧမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | - | - | ၁ | ၁ |
| ၂၁ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ |
| ၂၂ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ | - | - | ၁ | ၁ |
| ၂၃ | တသီးပုဂ္ဂလ | ၁ | ၁ | ၄ | ၆ |
| | စုစုပေါင်း | ၃၂၅ | ၁၆၈ | ၆၆၁ | ၁၁၅၄ |

ထိုအချက်များကိုကြည့်လျှင် နအဖ စစ်အုပ်စုသည် ၂၀၁၀ ရွေးကောက်ပွဲမှ ပေါ်ထွက်လာမည့် အတုအယောင်ပါလီမန်တွင် အမျိုးသားလွှတ်တော်၌ စစ်တပ်ကိုယ်စားလှယ် ၂၅%၊ ကြံ့ဖွံ့ကိုယ်စားလှယ် ၅၇.၅၉%၊ တစည‌ကိုယ်စားလှယ် ၂.၂၃%၊ အမျိုးသားဒီမိုကရေစီအင်အားစု ကိုယ်စားလှယ် ၁.၇၉%၊ တိုင်းရင်းသား ပါတီများ ၁၂.၉၅% နှင့် တသီးပုဂ္ဂလ ၀.၄၅%။ ပြည်သူ့လွှတ်တော်၌ စစ်တပ်ကိုယ်စားလှယ် ၂၅%၊ ကြံ့ဖွံ့ကိုယ်စားလှယ် ၅၈.၈၆%၊ တစည ကိုယ်စားလှယ် ၂.၇၃%၊ အမျိုးသားဒီမိုကရေစီအင်အားစု ကိုယ်စားလှယ် ၁.၈၂%၊ တိုင်းရင်းသားပါတီများ ကိုယ်စားလှယ် ၁၀.၂၃% နှင့် တသီးပုဂ္ဂလ ၀.၂၃% ဖြစ်နေကြောင်း တွေ့ရှိရပါသည်။

လွှတ်တော် ၂ ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်ကို ကြည့်လိုက်လျှင် စစ်တပ်ကိုယ်စားလှယ် ၂၅%၊ ကြံ့ဖွံ့ကိုယ်စားလှယ် ၅၈.၄၃%၊ တစည ကိုယ်စားလှယ် ၂.၅၆%၊ အမျိုးသားဒီမိုကရေစီအင်အားစု ကိုယ်စားလှယ် ၁.၈၁%၊ တိုင်းရင်းသားပါတီများကိုယ်စားလှယ် ၁၁.၁၄% နှင့် တသီးပုဂ္ဂလ ၀.၃၀% ဖြစ်နေကြောင်း တွေ့ရှိရပါသည်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် နှင့် လွှတ်တော် ၂ ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်တို့တွင် စစ်တပ်+ကြံ့ဖွံ့ပါတီ၏ ကိုယ်စားလှယ်များသည် ၈၀% အထက်သာ ဖြစ်နေကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။

၂၀၁၀ ရွေးကောက်ပွဲမှ ထွက်ပေါ်လာသော ထိုအလိမ်အညာရာခိုင်နှုန်းများအရ ကျန်ပါတီကိုယ်စားလှယ်များသည် လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အရ လွှတ်တော်ခေါ်ခွင့် မရနိုင်ခြင်း၊ လွှတ်တော်ထဲတွင် မည်သည့်ဥပဒေကိုမျှ ပြင်ဆင်ခွင့်မရနိုင်ခြင်း၊ လွှတ်တော်ထဲတွင် မည်သည့်အဆိုကိုမျှ စစ်တပ်နှင့် ကြံ့ဖွံ့က သဘောမတူဘဲ မတင်သွင်းနိုင်ခြင်းတို့ ဖြစ်မည်မှာလည်း ထင်ရှားနေပါပြီ။

သို့သော် စစ်အုပ်စုသည် ထိုသို့ အလွန်နည်းပါးသည့် ကျန်ပါတီအနည်းငယ်ကို လွှတ်တော်ထဲ ဝင်ခွင့်ပြုလိုက်ခြင်းသည် ပါတီစုံဒီမိုကရေစီစနစ်အတုကို ဟန်ဆောင်ဖော်ပြရန် အသုံးချလိုက်ခြင်းသာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ထို့အပြင် ထိုအလိမ်အညာရွေးကောက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများမှ ကန့်ကွက်တိုင်ကြားရမည့်သူမှာ ထိုမတရားမှုများတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲထားသည့် စစ်အုပ်စု ရွေးကောက်ပွဲကော်မရှင်သာဖြစ်နေသည့်အတွက် မည်သို့မျှ အကြောင်းထူးလာစရာ မရှိကြောင်းကိုလည်း အားလုံး သိမြင် သဘောပေါက်ကြပြီးဖြစ်ပါသည်။ ထိုတရားခံကိုပင် တရားသူကြီးအဖြစ်ထားပြီး သူ့အပြစ်ရှိကြောင်း ပြန်တိုင်ကြားရမည်မှာ အလွန်ကိုးရိုးကားရားနိုင်သည့် ဖြစ်စဉ်ဖြစ်ပါသည်။

ဤအချက်များကိုကြည့်လျှင် ၂၀၁၀ အလွန် လွှတ်တော်သည် စစ်ကြံ့ဖွံ့လွှတ်တော် ဖြစ်နေမည်ဆိုသည်မှာ ထင်ရှားနေသည့်အတွက် ၂၀၁၀ အတုအယောင်ရွေးကောက်ပွဲကို ဖြတ်သန်းခဲ့ရသည့် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်သာ ဆက်လက်ကြီးစိုးနေဦးမည်ဆိုသည်ကိုလည်း သုံးသပ်၍ရပါသည်။

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲပြုလုပ်ခဲ့သည့် မြန်မာ့နိုင်ငံရေးအခြေအနေမှာ နအဖစစ်အုပ်စုနှင့် တိုင်းရင်းသားအင်အားစုများ၏ လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်လာနေဆဲ၊ အကျဉ်းထောင်များထဲတွင် မြန်မာ့နိုင်ငံရေးပြဿနာများ ဖြေရှင်းနိုင်ရန်အတွက် အရေးကြီးသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ ဒီမိုကရေစီရေးလှုပ်ရှားတက်ကြွသူများသည် နိုင်ငံရေးအကျဉ်းသားများအဖြစ် ရှိနေကြဆဲ၊ လောင်စာဆီဈေးနှုန်းအပါအဝင် ကုန်ဈေးနှုန်းများ အဆမတန် တက်မြဲတက်နေဆဲ၊ သတင်းမီဒီယာများ၏ လွတ်လပ်ခွင့်ကို ကန့်သတ်ပိတ်ပင်နေဆဲ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း နအဖစစ်အုပ်စုမှ ကျူးလွန်မြဲ ကျူးလွန်နေဆဲအခြေအနေဖြစ်ပါသည်။

ထို့ကြောင့် အတုအယောင်ပါတီစုံလွှတ်တော် ပေါ်လာသည့်အခါတွင်လည်း မြန်မာပြည်သူတို့သည် စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေးအတွက် အောက်ပါလုပ်ငန်းစဉ်များဖြင့် ဆက်လက်တိုက်ပွဲဝင်ကြရဦးမည်ဖြစ်ကြောင်း မိမိတို့အင်အားစုများမှ သုံးသပ် တင်ပြအပ်ပါသည်။

(၁) လက်ရှိ နအဖစစ်အုပ်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲရလာဒ်သည် လိမ်ညာထားသည့် ရလာဒ်ဖြစ်ကြောင်း အချက်အလက်များဖြင့် ကမ္ဘာသိအောင် ဖော်ထုတ် ဖွင့်ချရေး။

(၂) ပေါ်ပေါက်လာမည့် အတုအယောင်ပါလီမန်ကို တတိုင်းတပြည်လုံးမှ အသိအမှတ်မပြု သပိတ်မှောက်ရေး။

(၃) အတုအယောင် ၂၀၁၀ ရွေးကောက်ပွဲရလာဒ်၊ ပေါ်ပေါက်လာမည့် အတုအယောင် ပါလီမန်နှင့် ကြံ့ဖွံ့စစ်အစိုးရကို နိုင်ငံတကာမှ အသိအမှတ်မပြုရန် ဆောင်ရွက်ရေး။

(၄) နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ပြီး၊ စစ်အုပ်စုနှင့် တိုင်းရင်းသားများ၊ ဒီမိုကရေစီအင်အားစုများကြား တွေ့ဆုံဆွေးနွေးရေး။

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ပယ်ဖျက်၍ စစ်မှန်သည့် ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံတရပ်ပေါ်ထွန်းရေး

(၆) **တခုတည်းသော နိုင်ငံရေးစုစည်းမှုနှင့် အဖြစ်နိုင်ဆုံး တူညီရာ နိုင်ငံရေးလုပ်ငန်းစဉ်** တို့ကို ဆောင်ရွက်နိုင်ရန် ဒီမိုကရေစီအင်အားစုများကြား ရနိုင်သည့်ပုံစံများဖြင့် ချိတ်ဆက်ရေး

မိမိတို့အင်အားစုများမှ ယခု ချိတ်ဆက်နိုင်သမျှ ချိတ်ဆက်ထားခဲ့ကြပြီး၊ နောင်တွင်လည်း ပိုမိုချိတ်ဆက်လှုပ်ရှားကာ စည်းလုံးညီညွတ်စွာဖြင့် ဖေါ်ပြပါလုပ်ငန်းစဉ်များအတိုင်း ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြည်သူလူထုတရပ်လုံးသို့ လေးလေးနက်နက် ဂတိပြုပါသည်။

ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPP)တို့ကို ဗဟိုပြုဂန်းရုံပြီး မိမိတို့ ဒီမိုကရေစီဘက်တော်သားညီအစ်ကို အင်အားစုများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းလက်တွဲလုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ပြည်သူလူထုတရပ်လုံးသို့ ဤအစီရင်ခံစာဖြင့် အသိပေးတင်ပြအပ်ပါသည်။ ။

(အသျှင်ဩဘာသ) (အသျှင်ဓမ္မသီရိ)

**မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး** - (ထွန်းမြင့်အောင်) (အောင်ကျော်ဆင့်) **၈၈ မျိုးဆက်ကျောင်းသားများ**

(ဇာနည်) (နော်အက်စ်တာ)

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်** - (မင်းသွေးသစ်) (အောင်တံခွန်) **၂၀၀၇ မျိုးဆက်ကျောင်းသားများသမဂ္ဂ**

(ခိုင်ဇာဂရီ) (ခိုင်ဉာဏ်လင်း)

**ရခိုင်ကျောင်းသားများသမဂ္ဂ** - (မြတ်မင်း) (ရန်နိုင်) **ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များသမဂ္ဂ**

(ပံသုစံ) (ထက်ထက်စံ)

**ရက္ခအလင်းတန်း** - (ရန်နိုင်) (အောင်ဇော်မိုး) **ရန်ကုန်တိုင်းအတွင်း ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူ ကျောင်းသားလူငယ်များ အင်အားစု**

(မင်းမင်းဦး) (နိုင်လင်း)

**အခြေခံပညာကျောင်းသားများသမဂ္ဂ** - (မင်းစိုးနိုင်) (သူရိန်) **မြေလတ်ကျောင်းသားများအဖွဲ့**